KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဧပြီလ, ၂၀၁၅/KHRG စာအမှတ်-15-18-NB1

# ၂၀၁၅ ခုနှစ် ဧပြီလတွင် ဖြစ်ပေါ်သော ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်မှ ထီးသဒေါ့ထ ကျေးရွာအုပ်စုမှူး အား အကြမ်းဖက်နှိပ်စက်မှု၊ ပျောက်ဆုံးမှုနှင့် သတ်မှုဖြစ်စဉ်တွင် တပ်မှူး ဖါးမီး ပါဝင်ပတ်သက်

*ဤသတင်းအကျဉ်းချုပ်သည် ၂၀၁၅ ခုနှစ် ဧပြီလတွင် ဖာပွန်ခရိုင်၊ ဘူးသို မြို့နယ်မှ ဖြစ်ပေါ်ခဲ့သော ထီးသဒေါ့ထ ကျေးရွာ အုပ်စုမှူးကျော်ဒါးဒါးအား အကြမ်းဖက်နှိပ်စက်မှု၊ ပျောက်ဆုံးမှု၊ သတ်မှုနှင့် ပတ်သက်သည့် သတင်း ဖြစ်စဉ် ကိုဖော်ပြထားခြင်း ဖြစ်ပါသည်။ ကျော်ဒါးဒါးသည် ၂၀၁၁ ခုနှစ်တွင် ထီးသဒေါ့ထ ကျေးရွာအုပ်စုမှူး အဖြစ် ခန့်ထားခြင်း ခံခဲ့ရပါသည်။ သူသည် တာဝန်ထမ်းဆောင်စဉ် ၄နှစ်တာကာလအတွင်း ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် ကေအဲန်လ်အေ (KNLA) တပ်မှူးဟောင်း ဖါးမီး၏ အကြမ်းဖက်နှိပ်စက်မှုကို ခံရပြီး နောက်ဆုံးတွင် သူ၏ ဘဝ ဆုံးရှုံးပျောက်ကွယ်ခဲ့ရပါသည်။ ဒေသခံမျက်မြင်သက်သေများ၏ ထွက်ဆိုချက်အရ တပ်မှူးဖါးမီးသည် ကျော်ဒါးဒါးအား အချိန်ကာလ အတိုင်းအတာ တစ်ခုအတွင်း အကြမ်းဖက်နှိပ်စက်ခဲ့သည်မှာ သိသာထင်ရှားပြီး ကျေးရွာအုပ်မှူးအား ဖမ်းဆီးရန် အမိန့်ပေးခဲ့ခြင်းကြောင့် ကျေးရွာအုပ်စုမှူး သေဆုံးမှုနှင့် ပတ်သက်ပြီး ၎င်းမှာ တာဝန်ရှိသည်ဟု ယူဆပါသည်။ ဤသတင်းအမှုအခင်းကို ထိုဧရိယာမှ ဒေသခံများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သော KHRG ကွင်းဆင်းလုပ်သားတစ်ဦးမှ စုဆောင်းတင်ပြထားခြင်း ဖြစ်ပါသည်။*[1]

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။၎င်းသည် KHRG မှ ဇူလိုင်လ၊ ၂၀၁၅တွင် ရရှိခဲ့သော နယ်မြေအစီရင်ခံစာနစ်စောင်နှင့်အင်တာဗျူး ၁၂ခုမှ အကျဉ်းချုပ် ထားသော သတင်းအကျဉ်းချုပ် ဖြစ်ပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ

ထီးသဒေါ်ထ ကျေးရွာအုပ်စုမှူး ကျော်ဒါးဒါးသည် ဧပြီလ၊ ၂၀၁၅ခုနှစ်တွင် ပျောက်ဆုံးခဲ့ပါသည်။ ပျောက်ဆုံးသွားသည့်အချိန်တွင် ကျော်ဒါးဒါးသည် အသက် ၅၂ရှိပြီး ဖြစ်ပါသည်။ သူ၏ ဇာတိသည် မယ်လားရွှ ဖြစ်ပြီး သူသည် မိန်းမနှင့် ကလေး ၄ယောက်ရှိပါသည်။ ကျော်ဒါးဒါး ပျောက်ဆုံးမှု နောက်ကွယ်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မှူးဟောင်း ဖါးမီး[2] ပတ်သက်မှုရှိသည်ဟု ဒေသခံများမှ သံသယရှိနေပါသည်။ KNLA တပ်မှူးဟောင်း ဖါးမီးသည် ဖာပွန်ခရိုင်တွင် နာမည်ဆိုးနှင့် ကျော်ကြားသူ ဖြစ်ပြီး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ ကရင်ဒီမိုကရက်တစ်အကျိုးပြုတပ်မတော် (DKBA)[3] နှင့် နယ်ခြားစောင့်တပ် (BGF)[4] စသည့် အမျိုးမျိုးသော လက်နက်ကိုင် တပ်ဖွဲ့ များနှင့် ပတ်သက်ဆက်နွယ်မှု ရှိနေသူတစ်ဦးလည်း ဖြစ်ပါသည်။ သူသည် နယ်မြေဧရိယာအတွင်း ဆိုးရွားသော လူ့ခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်လျက်ရှိပြီး တပ်မှူးဖါးမီး၏

---

အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ် ရှုနိုင်ပါသည်။

[2] ဖာပွန်ခရိုင်တွင် လက်နက်ကိုင် တပ်ဖွဲ့ အများအပြားနှင့် ပတ်သက်ဆက်နွယ်မှုရှိခြင်းကြောင့် တပ်မှူး ဖါးမီး၏ ရာထူးအား အတိအကျ သိရှိရခြင်းမရှိပေ။ ကရင်အမျိုးသား အစည်းအရုံး (KNU) မှ အောက်တိုဘာလ ၁၄ရက်၊ ၂၀၁၅ခုနှစ်တွင် ထုတ်ပြန်ထားသော ထုတ်ပြန်ချက်အရ တပ်မှူး ဖါးမီးသည် သူ၏ အထက်အရာရှိများမှ ပေးသော အမိန့်များကို လိုက်နာမှု မရှိခြင်းနှင့် လူ့အခွင့်အရေး အမျိုးမျိုး ချိုးဖောက်ခဲ့ခြင်းများကြောင့် KNLA တပ်ဖွဲ့မှ ထုတ်ပယ်ခံထားရသူတစ်ဦးဖြစ်ပါသည်။ ထုတ်ပြန်ချက်အား သောသီခိုသတင်းမီဒီယာမှ "KNU Brigade 5 respond to the media, regarding media reports of forced recruitment in Brigade 5," တွင် အွန်လိုင်းမှတစ်ဆင့် မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်ပြီး ကရင်ကွယ်သတင်းအဖွဲ့ (Karen Kwe News Group) မှ အောက်တိုဘာလ၊ ၂၀၁၅ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ထားသော "Clarification from the Karen National Union (KNU) Mutraw District Regarding Media reports on Forced Recruitment and Other Issues in Mutraw District October 14, 2015," တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

[3] ကရင်ဒီမိုကရက်တစ်အကျိုးပြုတပ်မတော် (DKBA) ယခင် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် သည် ၁၉၉၄ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာအစိုးရ တပ်မတော်နှင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု လက်မှတ်ထိုးထားသော KNU/KNLA အဖွဲ့မှ ခွဲထွက်ထားသော အဖွဲ့ဖြစ်ပါသည်။ ထိုအချိန်တွင် ယခင် မြန်မာစစ်အစိုးရ၏ အမည်ဖြစ်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တည်ဆောက်ရေး ကောင်စီ (နဝတ) ၏ ထောက်ပံ့ကူညီမှုဖြင့် ဆရာတော် ဦးသုဇနမှ ယင်း (DKBA) အဖွဲ့ အား ဦးဆောင် ဖွဲ့စည်းခဲ့ပါသည်။ (DKBA) ဖွဲ့စည်းပုံ အသေးစိတ် သတင်းအချက်အလက်အား "DKBA ၏ အတွင်းရေး" KHRG၏ ၁၉၉၆ခုနှစ်မှ အစီရင်ခံစာတွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။ ယခု DKBA အဖွဲ့မှာမူ မြန်မာ့တပ်တော်၏ နယ်ခြားစောင့်တပ်အဖြစ် ပြန်လည်ဖွဲ့စည်းထားသော ယခင် ခွဲထွက်သော DKBA အဖွဲ့ဖြစ်ပြီး KNLA မှ ပတ်သက်ဆက်နွယ်မှုမရှိတော့သည့် သီးခြား အဖွဲ့ဖြစ်ပါသည်။ ဤ DKBA အဖွဲ့သည် ဘာသာရေးကြောင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခု မဟုတ်တော့သည်ကို ဖော်ပြစေသည့်အနေဖြင့် ၎င်းတို့၏ အမည်အား ဗုဒ္ဓဘာသာတပ်မတော် မှ အကျိုးပြု တပ်မတော်သို့ ၂၀၁၂ခုနှစ် ဧပြီလတွင် တဖန် ပြန်လည် ပြောင်းလဲပြန်ပါသည်။

[4]နယ်ခြားစောင့်တပ် ဖြစ်သော (BGF) သည် မြန်မာ့တပ်တော်မှ ၂၀၁၀ ခုနှစ်တွင် ဖွဲ့စည်းထားသော တပ်ရင်းဖြစ်ပါသည်။ ၎င်းတို့အများစုမှာ DKBA တပ်ဖွဲ့ဟောင်းများ ဖြစ်ကြသော အစိုးမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့မှ ဖွဲ့စည်းထားသော စစ်သားများ ဖြစ်ကြပါသည်။ ဤအဖွဲ့သည် မြန်မာ့တပ်မတော်မှ တပ်ရင်းအဖြစ် ပြန်လည်ဖွဲ့စည်းရန် သဘောတူခဲ့ကြသည့် မြန်မာအစိုးရနှင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီမှုလက်မှတ်ထိုးထားသော အဖွဲ့ဖြစ်ပါသည်။ ပုံမှန်အားဖြင့် မြန်မာ့တပ်မတော်မှ ခြေလျင်တပ်ရင်းသည် တပ်ရင်းနံပါတ် ၂လုံး ရှိပြီး ခြေမြန်တပ်ရင်းသည် တပ်ရင်း နံပါတ် ၂လုံး သို့မဟုတ် ၃လုံး ရှိသော်လည်း နယ်ခြားစောင့်တပ်သည် တပ်ရင်း နံပါတ် ၄လုံးရှိပါသည်။ အသေးစိတ်သတင်းအချက်အလက်အား "ဒီမိုကရက်တစ် မြန်မာ့အသံမှ သြဂုတ် ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်ထားသော DKBA မှ နယ်ခြားစောင့်တပ်သို့ တရားဝင် ဖြစ်သွားခြင်း" သတင်းနှင့် KHRG ၏ ၂၀၀၉ခုနှစ် ဖွန်လ၊ အစီရင်ခံစာမှ ဖားအံခရိုင်ရှိ DKBA လက်အောက်ခံမှ အကျင့်ပျက် ခြစားမှုနှင့် တပ်သားသစ် စုဆောင်းမှု သတင်းများတွင် ဝင်ရောက် ဖတ်ရှုလေ့လာနိုင်ပါသည်။

သတင်းဆိုးသည် ဖာပွန်ခရိုင်နှင့် အနီးတဝိုက်[5]မှ ရွာသူရွာသားများ အား စိုးရိမ်ကြောင့်ကြမှု ဖြစ်စေပါသည်။ KHRG ကွင်းဆင်းလုပ်သား၏ သတင်းရယူချက်အရ ကျော်ဒါးဒါးပျောက်ဆုံးပြီးနောက်ပိုင်း တပ်မှူးဖါးမီးမှ ကျေးရွာအုပ်စုမှူးအား ဧပြီလ ၁၅ရက်၊ ၂၀၁၅ခုနှစ်တွင် ဖမ်းဆီးရန် အမိန့်ပေးခဲ့သည်ဟု ဘူးသိုမြို့နယ်မှ ထွက်ရှိသည့် ဒေသခံသတင်းမှတဆင့် သိရှိရပါသည်။ တပ်မှူးဖါးမီးသည် ကျော်ဒါးဒါးအား ဖမ်းဆီးရန် အမိန့်ပေးခဲ့သည့် နောက်ကွယ်တွင် အကြောင်းရင်းများရှိသည်ဟု အချို့က ထင်ကြေးပေးကြသည်။ ထိုသူနှစ်ဦးကြားမှ ဖြစ်ပွားခဲ့သော ပြဿနာမှာ တပ်မှူးဖါးမီးမှ ကျေးရွာအုပ်စုမှူးကျော်ဒါးဒါးအား ဆင်အခွန်ကောက်ခံခိုင်းခြင်းနှင့် ပတ်သက်၍ ကျေနပ်မှုမရှိခြင်း၊ ကျော်ဒါးဒါးမှ တပ်မှူးဖါးမီးအား တပ်မဟာ ၅ ဗဟိုဌာနချုပ် ရုံးတည်ထောင်ရာတွင် ဝိုင်းဝန်း ကူညီမှုနည်းခြင်းနှင့် တပ်မှူး ဖါးမီးမှ ကျော်ဒါးဒါးဆီသို့ သေနတ် ဖြန့်ဖြူးခဲ့ခြင်းနှင့် စပ်လျဉ်းသည့် အငြင်းပွားမှု စသည်တို့မှ စတင်ခဲ့ကြောင်း ရွာသားများမှ ထောက်ပြခဲ့ပါသည်။ ဤထင်ကြေးများသည် KHRG ၏ ကွင်းဆင်းလုပ်သားတစ်ဦးမှ တွေ့ဆုံ မေးမြန်းပြောဆိုခဲ့သော ဘူးသိုမြို့နယ်မှရှိ မျက်မြင်သက်သေများထံ မှ ထွက်ဆိုချက်များ ဖြစ်ပါသည်။ မျက်မြင်သက်သေများမှ တပ်မှူး ဖါးမီးအား သူ၏အိမ်သို့ ဧပြီလ ၁၆ ရက်နေ့ ၂၀၁၅ ခုနှစ်တွင် သွားရောက် တွေ့ဆုံခဲ့ပါသည်။ မျက်မြင်သက်သေများသည် တပ်မှူးဖါးမီး၏ အိမ်သို့ လှေဖြင့် သွားခဲ့ပါသည်။ ၄င်းတို့ လှေဆိုက်ချိန်တွင် တပ်မှူးဖါးမီးမှ လက်ရှိ ခန့်ထားသော ဒေသခံ လုံခြုံရေးအဖွဲ့[6] မှ ခေါင်းဆောင်ဖြစ်သူ ကျော်ဟဲနိ သည် ကျေးရွာအုပ်စုမှူး ကျော်ဒါးဒါးအား တပ်မှူး ဖါးမီးအိမ်သို့ မြေပြင်တလျှောက် တရွတ်တိုက်ဆွဲခေါ်သွားပြီး တိုင်တစ်တိုင်တွင် ချည်ထားခဲ့သည်ကို တွေ့ရှိခဲ့ပါသည်။ အစီအစဉ်ဆွဲထားသည့် အတိုင်း မျက်မြင်သက်သေများ တပ်မှူးဖါးမီးနှင့် တွေ့ဆုံဖြစ်ခဲ့ပါသည်။ တပ်မှူးဖါးမီးအိမ်တွင် ၄င်းဘက်မှ တပ်မှူးအဲ့ရိုး၊ ဖားထီးဂေ၊ ဖားနော်ဒေးနှင့် DKBA တပ်ခွဲမှူး မောင်သိန်းဝင်း[7] တို့လည်း ပါဝင်ပါသည်။ မျက်မြင်သက်သေများ တွေ့ဆုံမှုပြီး၍

[5] *7 Day Daily* မှ သတင်းအရင်းအမြစ်အရ အောက်တိုဘာလ ၁ရက်နေ့ ၂၀၁၅ခုနှစ်တွင် တပ်မှူး ဖါးမီးသည် ဖာပွန်ခရိုင်မှ ရွာသားသုံးဦးအား ဖမ်းဆီးပြီး နှိပ်စက်ခဲ့သည်ဟု တင်ပြထားပါသည်။ ရွာသားတစ်ဦးမှာ တပ်မှူးဖါးမီးနှိပ်စက်မှုမှ ရရှိခဲ့သည့် ဒဏ်ရာကြောင့် မြိုင်ကြီးငူ ဆေးရုံသို့ ရောက်စဉ်တွင် သေဆုံးခဲ့ပါသည်။ ဤသတင်းအား အွန်လိုင်းတွင် ဖတ်ရှုလို့ မရတော့ပါ။ KHRG မှ ယခင်အစီရင်ခံစာဟောင်းများအရ တပမှူးဖါးမီးသည် ဖာပွန်ခရိုင်အတွင်း KNLA နှင့်အတူ လှုပ်ရှားစဉ် ရွာသားများအား နှိပ်စက်ခဲ့သည့် သတင်း ရရှိခဲ့ပါသည်။ KHRG၏ ၂၀၁၃ခုနှစ်၊ဧပြီလမှ အစီရင်ခံစာ "Incident Report: Violent abuse in Papun District, October 2012," တွင် ကြည့်ပါ။

[6] (Home guard) ဒေသခံ လုံခြုံရေးအဖွဲ့သည် ပြည်သူလူထုများအား တပ်မတော်မှ ပစ်မှတ်ထားတိုက်ခိုက်ခြင်းနှင့် တိုက်ခိုက်မှုကြောင့် စားနပ်ရိက္ခာ မလုံလောက်မှု (သို့) မရရှိမှု ပြဿနာများ ရင်ဆိုင်ရခြင်း တို့မှ ကာကွယ်ရန် ကရင်ပြည်နယ် မြောက်ပိုင်းရှိ ဒေသခံမှ ဖွဲ့စည်းထားသော အဖွဲ့ ဖြစ်ပါသည်။ KHRG၏ တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ရွာသားတစ်ဦးမှ ဒေသခံလုံခြုံရေးဖွဲ့စည်းတည်ထောင် ရခြင်း၏ရည်ရွယ်ချက်မှာ ပဋိပက္ခ ကာလအတွင်း ရွာသူရွာသားများ ရွာမှ ထွက်ပြေးတိမ်းရှောင်စဉ် အစာရေစာ သို့မဟုတ် စားနပ်ရိက္ခာများ ရှာဖွေစုဆောင်းရာတွင် ၄င်းတို့အား လုံခြုံရေး ပေးရန် ဒေသခံ လုံခြုံရေးအဖွဲ့မှ တာဝန်ယူပေးရသည်ဟု တင်ပြပါသည်။ ဒေသခံ လုံခြုံရေး ပတ်သက်ပြီး အသေးစိတ် သတင်းအချက်အလက်များ သိရှိလိုပါက KHRG၏ ၂၀၁၀ခုနှစ်၊ ဩဂုတ်လမှ အစီရင်ခံစာ "Self-protection under strain: Targeting of civilians and local responses in northern Karen State," တွင် ဖတ်ရှုနိုင်ပါသည်။

[7] တပ်မှူး မောင်သိန်းဝင်းသည် DKBA ကလို့ထူးလားတပ်ရင်းမှ ဖြစ်ပါသည်။ ကလို့ထူးလားတပ်ရင်းသည် အရာရှိ ဗိုလ်ဘိ၏ လက်အောက်ခံတွင်ရှိပြီး ဤတပ်ရင်းသည် လက်ရှိ DKBA တပ်ရင်း သုံးခုထဲမှ တစ်ခုဖြစ်ပါသည်။ ထို့အပြင် ကလို့ထူးလားနှင့် ကလို့ထူးဘောတပ်ရင်းသည် ၂၀၁၁ခုနှစ် စက်တင်ဘာလ တွင် ဖွဲ့စည်းထားပြီး မြန်မာ့တပ်မတော်၏ နယ်ခြားစောင့်တပ်၊ တပ်ရင်းအဖြစ်

ပြန်သွားသည့်အချိန်တွင် ကျော်ဒါးဒါးတစ်ယောက် နေပူထဲတွင် သစ်ပင်တစ်ပင်၌ ပြောင်းချည်ခံထားခဲ့ရသည်ကို သူတို့တွေ့ရှိခဲ့ပါသည်။ သူ၏လက်အား နောက်ပြန်ကြိုးတုပ်ခံရပြီး ချွေးသီးများ ပြန်နေပါသည်။

အထက်ပါ ဖော်ပြထားသည့် အဖြစ်အပျက်များ တပတ် ကျော်လွန်ပြီးနောက်ပိုင်းတွင် သံလွင်မြစ်ထဲတွင် ပေါလောမျောနေသည့် လူသေလောင်းတစ်လောင်း တွေ့ရှိခဲ့ပါသည်။ KHRG၏ ကွင်းဆင်းလုပ်သား မှတင်ပြချက်အရ အဆိုပါ လူသေလောင်းအား ကလေးများမှ ပထမဦးဆုံး တွေ့ရှိပြီး ကလေးများသည် လက်နက်ကိုင်တပ်ဖွဲ့အား ကြောက်ရွံ့သောကြောင့် တစ်စုံတစ်ဦးမျှပင် အသိမပေးရဲကြချေ။ လူသေလောင်းအားနောက်ထပ်တစ်ကြိမ်တွေ့ရှိသူမှာ မယ်လားရွာသားဖြစ်ပြီး သူသည် ကျော်ဒါးဒါးနှင့် သိကျွမ်းသူဖြစ်သလို အဆိုပါအလောင်းအား ကျော်ဒါးဒါးဖြစ်ကြောင်း အတည်ပြုနိုင်သူလည်း ဖြစ်ပါသည်။

ကျော်ဒါးဒါးသေဆုံးပြီးနောက်ပိုင်းတွင် သူသည် တပ်မှူး ဖါးမီး၏ ညှင်းပန်းနှိပ်စက်မှု ခံရသည့်သတင်းများ ထပ်မံထွက်ပေါ်လာပါသည်။ ဒေသခံရွာသားတစ်ဦးမှ တင်ပြချက်အရ ကျော်ဒါးဒါးကို တပ်မှူးဖါးမီးမှ ဖမ်းဆီးခဲ့ချိန်တွင် ၄င်းအား သေနတ်ဒင်နှင့် ရိုက်နှက်သည်ဟု ဆိုပါသည်။ ထို့နောက် ကျော်ဒါးဒါးသည် အိမ်သို့ပြန်ပြီး သူ့မိန်းမအား ၄င်းဒဏ်ရာများဘယ်လိုရခဲ့သည်ကို မပြောပြဘဲ ချော်လဲခဲ့သည်ဟုသာ ပြောပြီး ထိုဒဏ်ရာများပေါ်သို့ ပရုပ်ဆီနှင့် လိမ်းခိုင်းပါသည်။ ကျော်ဒါးဒါး၏မိန်းမသည် သူမ၏ ယောကျ်ားအား တပ်မှူးဖါးမီးမှ မည်သို့ နှိပ်စက်ထားသည်ကို သိရှိပြီးနောက်ပိုင်း စိတ်အလွန်ထိခိုက်ပြီး ဝမ်းနည်းစွာ ခံစားရပါတော့သည်။

ကျေးရွာအုပ်စုမှူးကိစ္စနှင့် ပတ်သက်ပြီး KHRG ကွင်းဆင်းလုပ်သားသည် အခြားမျက်မြင်သက်သေတစ်ဦးနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ အဆိုပါ မျက်မြင်သက်သေတစ်ဦးမှ ကျော်ဒါးဒါးသည် သူ မပျောက်ဆုံးခင်အချိန်တွင် ၄င်းဆီသို့ရောက်လာပြီး အကူအညီလာတောင်းခဲ့ကြောင်း ဆိုပါသည်။ ကျော်ဒါးဒါးသည် တပ်မှူးဖါးမီးကို ကြောက်ရွံ့သဖြင့် ထီးသဒေါ့ထ ကျေးရွာအုပ်စုမှူးအဖြစ် သူ့နေရာအား အစားထိုးခန့်ထားစေလိုပြီး တပ်မှူးဖါးမီးလက်အောက်တွင် တာဝန်မထမ်းဆောင်နိုင်တော့ကြောင်း ဆိုပါသည်။ ကျော်ဒါးဒါးသည် အဆိုပါ မျက်မြင်သက်သေနှင့် ပြောဆိုခဲ့သည်များကို တပ်မှူး ဖါးမီးအား မကြားသိစေလိုပါ။ အကြောင်းမှာ တပ်မှူးဖါးမီးသိရှိပါက ၄င်းအား ထပ်မံရိုက်နှက်မည်ကို ကြောက်ရွံ့ စိုးရိမ်နေခြင်း ဖြစ်ပါသည်။ ကျော်ဒါးဒါးသည် အဆိုပါ မျက်မြင်သက်သေအား စိတ် ခံစားမှုများစွာနှင့် အကူအညီတောင်းခဲ့သဖြင့် စကားပင် တုန်ယင်စွာ ပြောနေရှာပါသည်။

KHRG ကွင်းဆင်းလုပ်သားမှ တပ်မှူးဖါးမီးသည် ကျော်ဒါးဒါးအား သတ်ရန် အမိန့်ပေးခဲ့ပြီး လူသတ်မှုအား ကျူးလွန်သူမှာ DKBA တပ်မှူး မောင်သိန်းဝင်း၏ လက်အောက်ခံရှိ DKBA တပ်သား ဖြစ်ကြောင်း သတင်းရရှိပါသည်။

---

ပြောင်းလဲရန် ငြင်းဆိုထားသည့် အဖွဲ့များဖြစ်ကြပါသည်။ ကလို့ထူးဘောသည် ၂၀၁၁ခုနှစ် မတိုင်ခင်တွင် DKBA မှ အမည်လွှဲပြောင်းထားသော အဖွဲ့ဖြစ်ပြီး သီးသန့်တပ်ရင်းနှစ်ခုအဖြစ် ရပ်တည်နေသည့် အဖွဲ့လည်း ဖြစ်ပါသည်။ ဖားအံခရိုင်နှင့် ဒူးပလာယာခရိုင်ရှိ DKBA တပ်များသည် နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ငြင်းပယ်ခဲ့သဖြင့် ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလတွင် တပ်မတော်နှင့် တိုက်ပွဲဖြစ်ခဲ့ပါသည်။ အဆိုပါ တပ်ရင်းသည် တပ်မဟာ၅ရှိ DKBA တပ်ရင်းအမှတ် ၉၀၇မှ အမည်လွှဲပြောင်းထားသော ကလို့ထူးဘောတပ်ရင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ သတင်းအချက်အလက်များအရ တပ်မှူး ဖါးမီးသည် ထီးသဒေါ့ထ ကျေးရွာအုပ်စုမှူး ကျော်ဒါးဒါးအား အချိန်အတိုင်းအတာတစ်အတွင်း ဖမ်းဆီးထိန်းသိမ်းထားခြင်းပေါ် သူသည် ဆိုးရွမ်းသော အကြမ်းဖက်မှုတစ်ခု ကျူးလွန်ခဲ့သည်မှာ သိသာထင်ရှားလှပါသည်။ ကျော်ဒါးဒါးပျောက်ဆုံးပြီးနောက်ပိုင်း ၄င်းအား ဖမ်းဆီးရန် တပ်မှူး ဖါးမီးမှ အမိန့်ပေးခဲ့ခြင်းနှင့် မျက်မြင်သက်သေများမှ ထွက်ဆိုထားသည်မှာ ကျော်ဒါးဒါးသည် ဖါးမီးအိမ်အပြင်ဘက် တိုင်တစ်တိုင်တွင် ချည်ထားခြင်းခံရကြောင်း တွေ့ရှိခဲ့ခြင်း စသည့် အချက်အလက်များအရ တပ်မှူးဖါးမီးသည် ကျေးရွာအုပ်စုမှူးအသတ်ခံရမှု နောက်ကွယ်တွင် ပါဝင်ပတ်သက်ကြောင်း ခိုင်မာစွာ ထောက်ပြနေပါသည်။ ထို့နည်းတူ KHRGသည် တပ်မှူးဖါးမီးနှင့် အတူ သူ၏ လက်အောက်အရာရှိတစ်ဦးလည်း ၄င်းတို့ အဖွဲ့ဝင်များ၏ အသတ်ခံရကြောင်း သတင်းရရှိပါသည်။ ဤအကြောင်းအရာနှင့် ပတ်သက်၍ နောက်ထပ်ရရှိသည့် သတင်းအချက်အလက်များအပေါ် မူတည် ပြီး ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

## Mu Traw (Hpapun) District




Karen Human Rights Group (KHRG)